


# "အရာရာတိုင်းကို သူတို့ ပိတ်ဆို့ ထားတယ်"

## ရှောင်လွှဲ၍ရနိုင်သော လူသားချင်းစာနာထောက်ထား မှုဆိုင်ရာ အထောက်အပံ့ကင်းမဲ့မှုများ

(မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်အတွင်းမှ စစ်ပွဲကြောင့် ရွှေ့ ပြောင်း နေရာချထားခြင်း ခံနေခဲ့ရသော တိုင်းရင်းသား ပြည်သူများက လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အထောက်အပံ့များ ရရှိခံစားနိုင်ခွင့် ကင်းမဲ့ နေခဲ့ခြင်း)

AUGUST 2018

FORTIFY RIGHTS

# "အရာရာတိုင်းကို သူတို့ ပိတ်ဆို့ထားတယ်"

## ရှောင်လွှဲ၍ရနိုင်သော လူသားချင်းစာနာထောက်ထား မှုဆိုင်ရာ အထောက်အပံ့ကင်းမဲ့မှုများ

(မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်အတွင်းမှ စစ်ပွဲကြောင့် ရွှေ့ပြောင်း နေရာချထားခြင်း ခံနေခဲ့ရသော တိုင်းရင်းသား ပြည်သူများက လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အထောက်အပံ့များ ရရှိခံစားနိုင်ခွင့် ကင်းမဲ့ နေခဲ့ခြင်း)

### မျက်နှာဖုံး

ကချင်ပြည်နယ်အတွင်း တရုတ်နယ်စပ် အနီးတွင် တည်ရှိသော နယ်စပ်ဂိတ်အမှတ် (၆) ရွှေ့ပြောင်းဒုက္ခသည်ယာယီစခန်း။ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးအပ်မှု အပေါ် မြန်မာအစိုးရ၏ကန့် သတ်ပိတ်ပင်မှုများကြောင့် စောင်များ၊ အဝတ်အစားများ၊ အိပ်ယာများနှင့် အခြားမရှိမဖြစ် လိုအပ်သော အသုံးအဆောင်ပစ္စည်းများမလုံမလောက်ဖြစ်နေရပြီး၊ ဆောင်းရာသီများက မလိုလားအပ်ပဲ ပြင်းထန် ကြမ်းတမ်း လွန်းနေသည်။

@ James Higgin / Partners Relief and Development (၂၀၁၆ ခုနှစ်၊ ဖော်ဖော်ဝါရီလ)

**FORTIFY RIGHTS**

Fortify Rights သည် လူသားအားလုံး လူ့အခွင့်အရေး အမှန်တကယ် ရရှိပိုင်ဆိုင်နိုင်ရန် လုပ်ဆောင်သည်။ ကျွန်ုပ်တို့ သည် လူ့အခွင့်အရေး ချိုးဖောက်မှုများအား စုံစမ်းစစ်ဆေး ဖော်ထုတ်သည်။ အာဏာပိုင်များအား အဖြေရှာဖြေရှင်းမှုများတွင် ပါဝင်စေသည်။ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၊ လူ့အခွင့်အရေးချိုး ဖောက်ခံရသောလူမှုအသိုက်အဝန်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းတို့၏လုပ်ဆောင်မှုများကို သန်မာအားကောင်းစေသည်။ ကျွန်ုပ်တို့ သည် သက်သေအထောက်အထား အခြေခံသုတေသနပြု လေ့လာမှု၏ လွှမ်းမိုးနိုင်စွမ်း၊ မဟာဗျူဟာမြောက် အမှန်တရားပြောဆိုတင်ပြမှု၏စွမ်းအားနှင့် လူပုဂ္ဂိုလ်များ၊ လူမှုအသိုက်အဝန်းများနှင့် အပြောင်းအလဲကို တွန်းအားပေးသော လှုပ်ရှားဆောင်ရွက်မှုများတို့ နှင့် နီးနီးကပ်ကပ် လုပ်ကိုင်ဆောင် ရွက်မှု၏အရေးပါမှုတို့ကို ယုံကြည်သည်။ ကျွန်ုပ်တို့သည်အမေရိကန်ပြည်ထောင်စုနှင့်ဆွစ်ဇာလန်နိုင်ငံတို့ တွင် မှတ်ပုံတင်ထားပြီး အရှေ့တောင်အာရှတွင် အခြေစိုက်သော လွတ်လပ်ပြီး အမြဲအခိုကင်းသည့် အကျိုးမမြတ်မယူသောအဖွဲ့ အစည်းတစ်ရပ်ဖြစ်သည်။

# မာတိကာ


**အစီရင်ခံစာအကျဉ်း** — 8

**သုတေသနပြုလေ့လာမှုနည်းစနစ်** — 17

**နောက်ခံအကြောင်းအရာ** — 19

**(၁) လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအထောက်အပံ့များအပေါ် ကန့် သတ်ပိတ်ပင်မှုများ** — 25

**(၂) ကချင်ပြည်နယ်အတွင်းရှိ ရွှေ့ပြောင်းနေရာချထားခြင်းခံရသူများအပေါ် အထောက်အပံ့ပေးရေးဆိုင်ရာကန့် သတ်ပိတ်ပင်မှုများ၏ အကျိုးသက်ရောက်မှုများ** — 33

- မရှိမဖြစ်လိုအပ်သောအကူအညီများနှင့်အထောက်အပံ့များကို ရရှိခံစားနိုင်မှုကင်းမဲ့ခြင်း — 33
  - အစားအစာရရှိနိုင်မှုကင်းမဲ့ခြင်း — 35
  - ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိခံစားနိုင်မှုကင်းမဲ့ခြင်း — 38
  - သင့်လျော်သည့်နေအိမ်ကို ရရှိခံစားနိုင်မှုကင်းမဲ့ခြင်း — 40
  - မရှိမဖြစ်လိုအပ်သောအသုံးအဆောင်ပစ္စည်းများကို ရရှိနိုင်မှုကင်းမဲ့ခြင်း — 41
  - ရေရရှိသုံးစွဲနိုင်မှုကင်းမဲ့ခြင်း — 42
  - သင့်တော်ကောင်းမွန်သောကျန်းမာသန့် ရှင်းရေးကို ရရှိခံစားနိုင်မှုကင်းမဲ့ခြင်း — 44
- အကာအကွယ်ပေးရေးဆိုင်ရာစိုးရိမ်ပူပန်မှုများ — 44
  - မြေမြှုပ်မိုင်းများ — 47
  - တရုတ်နိုင်ငံတွင်း အကာအကွယ်ပေးရေးဆိုင်ရာစိုးရိမ်ပူပန်မှုများ — 51

**(၃) ဥပဒေကြောင်းအရ ခွဲခြားလေ့လာဆန်းစစ်ခြင်း** — 51

- နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေ — 54
- နိုင်ငံတကာလူ့ အခွင့်အရေးဥပဒေ — 55
  - အစားအစာရရှိခံစားပိုင်ခွင့် — 56
  - ကျန်းမာရေးကို ရရှိခံစားပိုင်ခွင့် — 56
  - အိမ်ရာအဆောက်အဦးကို ရရှိခံစားပိုင်ခွင့် — 57
  - ရေရရှိခံစားပိုင်ခွင့် — 56
  - ကျန်းမာသန့် ရှင်းရေးကို ရရှိခံစားပိုင်ခွင့် — 57

**(၄) ကချင်ပြည်နယ်အတွင်းရှိ လူ့ အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ** — 59

- ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) (KWAT) — 59
- ကျေးလက်ဖွံ့ ဖြိုးရေးနှင့် သာမန်အရပ်သားပြည်သူများကို စွမ်းအားမြှင့်တင်ရေးတို့ ကြား တံတားထိုးပေါင်းစည်းရေးအဖွဲ့ (BRIDGE) — 60
- ဝန်ဖောင်နန်ထွယ် (WPN) — 60

**(၅) အကြံပြုချက်များ** — 61

- မြန်မာအစိုးရထံသို့ အကြံပြုချက်များ — 61
- ကချင်လွတ်မြောက်ရေးအစည်းအရုံး (KIO) နှင့်ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) ထံသို့ အကြံပြုချက်များ — 62
- နိုင်ငံတကာအသိုက်အဝန်းနှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ ဝင်နိုင်ငံများထံသို့ အကြံပြုချက်များ — 62
- ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီထံသို့ အကြံပြုချက်များ — 63

**နောက်ဆက်တွဲ (က)** — 65

- Fortify Rights မှ မြန်မာအစိုးရထံသို့ ပေးစာ — 65

**ကျေးဇူးတင်လွှာ** — 70

# KACHIN STATE, MYANMAR









ကချင်ပြည်နယ်၊ တနိုင်းမြို့ နယ် အတွင်းရှိ နှစ်ခြင်း ခရစ်ယာန် ဘုရားရှိခိုးကျောင်း တစ်ခုတွင် အစားအစာ တစ်နပ်ကို မျှဝေစားသုံးနေကြသော ရွှေ့ ပြောင်းဒုက္ခသည် ကချင်အရပ်သားပြည်သူများ။ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး အဖွဲ့အစည်းများအပေါ် မြန်မာ့တပ်မတော်၏ ကန့်သတ် ပိတ်ပင်မှုများကြောင့် ကချင်ပြည်နယ် အတွင်းရှိ ရွှေ့ ပြောင်းဒုက္ခသည် လူမှုအသိုက်အဝန်းများအတွင်း အစားအစာ ပြတ်လပ်မှုများ ဖြစ်ပေါ် နေရသည်။

@Hkun Lat (၂၀၁၇ ခုနှစ်၊ ဇွန်လ)





ကချင်ပြည်နယ်၊ တနိုင်းမြို့ နယ်မှ ခင်စရာ (Kinsayar) ရပ်ကွက်အတွင်းရှိ ကက်သလစ် ဘုရားကျောင်းတစ်ခု၏ ယာယီ တဲတစ်လုံးတွင် အနားယူနေသော ကချင် ရွှေ့ ပြောင်းဒုက္ခသည်များ။ မြန်မာ့တပ်မတော်နှင့် ကချင် လွတ်မြောက်ရေး တပ်မတော်တို့ ကြားမှ တိုက်ပွဲများ ကြောင့် ၂၀၁၈ ခုနှစ် ဧပြီလတွင် ထောင်ချီသော ကချင် အရပ်သား ပြည်သူများသည် လူသားချင်းစာနာ ထောက် ထားမှုဆိုင်ရာ အထောက်အပံ့များ မရရှိပဲ အနီးအနားမှ သစ်တောများအတွင်း ရက်သတ္တပတ်များစွာ ပိတ်မိနေခဲ့ သည်။ ပိတ်မိနေသူများထံသို့ အကူအညီပေးရေး အဖွဲ့ အစည်းများ သွားရောက်နိုင်ခွင့်ကို မြန်မာ့တပ်မတော်က ကြိမ်ဖန်များစွာငြင်းဆန်ပယ်ချခဲ့သည့် အပြင် တိမ်းရှောင် ထွက်ခွာနိုင် ရေးကိုလည်း ခွင့်မပြုခဲ့ပေ။
@Hkun Lat (၂၀၁၇ ခုနှစ်၊ ဇွန်လ)

# အစီရင်ခံစာအကျဉ်း

မြန်မာ့တပ်မတော်က ကချင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် (KIA) (ကချင်ပြည်နယ် အတွင်း လှုပ်ရှားဆောင်ရွက် လျက်ရှိသော အဓိကကျသည့်တိုင်းရင်းသားလူမျိုးစုစစ်တပ်)၏ ကင်းစခန်းများအား ခုနှစ်ကျော်ကြာအောင် ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ပြီးချိန်၌ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း ဒေသများတွင် တိုင်းရင်းသားလူမျိုး အရပ်သားတစ်သိန်း ခြောက်ထောင်ကျော်တို့ မှာ အတင်းအဓမ္မရွှေ့ ပြောင်း နေရာချထားမှုကိုတွေ့ ကြုံခံစားနေခဲ့ရ ပြီဖြစ်၏။ အရပ်သားပြည်သူတို့ အပေါ် မြန်မာတပ်မတော်၏သတ်ဖြတ်မှု၊ အဓမ္မကျင့်မှုနှင့် ညှဉ်းပန်းနှိပ်စက်မှု များမှာလည်း အပြစ်ပေးအရေးယူမှုများမှ ကင်းလွတ်ခွင့်ရရှိနေဆဲဖြစ်၏။ မြန်မာ့တပ်မတော်နှင့် KIA တို့က မြေမြှုပ်မိုင်းများဆက်လက်ထားရှိဆဲဖြစ်ပြီး၊ ကလေးစစ်သားများ ကိုလည်း ဆက်လက်အသုံးပြုနေဆဲဖြစ်သည်။

ထိုကာလအတွင်း၌ အတင်းအကျပ် ရွှေ့ ပြောင်းနေရာချထားခြင်းကို ခံစားနေခဲ့ရသည့် ကချင်ပြည်နယ်နှင့် ရှမ်း ပြည်နယ်မြောက်ပိုင်းမှ အရပ်သားပြည်သူတို့ မှာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများ အလုံအလောက်ရရှိခံစားနိုင်ခွင့် ကင်းမဲ့ နေပေသည်။ ရွှေ့ ပြောင်း ဒုက္ခသည်အရပ်သား ပြည်သူများက ထောက်ပံ့ကူညီမှုများအား လက်လှမ်းမီခံစားနိုင်ခွင့် ကင်းမဲ့နေသည်ကို ကျယ်ကျယ်ပြန့် ပြန့် သိမြင်ကြ သော်လည်း အဆိုပါထောက်ပံ့ကူညီမှုများက ထိုသူတို့ထံသို့မည်သည့် အတွက်ကြောင့်နှင့် မည်သို့ မည်ပုံရောက်ရှိနိုင်ခြင်း မရှိသည် ကိုမူ နားလည်သိမြင်မှုမရှိသလောက်ပင်ဖြစ်၏။

“ဒါက ဖြတ်လေးဖြတ်နည်းလမ်း သစ်တစ်ခုနဲ့တူပါတယ်ဗျာ”ဟု လူသားချင်းစာနာ ထောက်ထားမှု ဆိုင်ရာအကူ အညီပေးရေး ကချင်လူမျိုးလုပ်သားတစ်ဦးက Fortify Rights ကို ပြောကြား ခဲ့သည်။

၁၉၇၀ နှစ်ကာလများမှစတင်ပြီး၊ မြန်မာ့တပ်မတော်သည် တိုင်းရင်းသားပြည်နယ်များတွင် တိုင်းရင်းသားလက် နက်ကိုင်အစုအဖွဲ့များအဖို့ ရန်ပုံငွေများ၊ အစားအစာများ၊ သတင်းအချက် အလက်များနှင့်တပ်သားသစ်များ ရယူစုဆောင်းနိုင်ခြင်းမရှိစေရန် “ဖြတ်လေးဖြတ်” မဟာ ဗျူဟာကို စတင်ချမှတ်ကျင့်သုံးခဲ့၏။ လွန်ခဲ့သော ဆယ်စုနှစ်လေးခု တာကာလအတွင်း၌ မြန်မာတပ်မတော်သည် နိုင်ငံတစ်ဝှမ်းမှတိုင်းရင်းသားလူမှုအသိုက်အဝန်း များကိုဦးတည်ကာ အဆိုပါမဟာဗျူဟာအား ညှာတာထောက်ထားမှုမရှိပဲ ရက်ရက်စက်စက် အကောင် အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသတလျှောက်တွင် ကာလ တာရှည် ဖြစ်တည် နေမည့် ရွှေ့ပြောင်းဒုက္ခသည်လူထုတစ်ရပ် ပေါ်ပေါက်လာခဲ့ပေသည်။။

မြန်မာနိုင်ငံတွင် အရပ်ဘက်နှင့်စစ်ဘက်အာဏာပိုင်တို့သည် ၂၀၁၁ ခုနှစ်ကတည်းကစတင်ပြီး ကချင်ပြည်နယ် သို့လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီပေးအပ်မှုအား ငြင်းဆန်ခြင်းတည်းဟူသော လက်နက်ကို စွဲကိုင်အသုံးပြုခဲ့ကြောင်း (နောက်ဆုံးပေါ် “ဖြတ်လေးဖြတ်” မဟာဗျူဟာကို ပြန်လည်ကျင့်ကြံအသုံးပြုခြင်းဖြင့်) ဤအစီရင်ခံစာတွင် တင်ပြထားသည်။ ကချင်အရပ်သားပြည်သူတို့အတွက် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာထောက်ပံ့ကူညီမှုများ ပေးအပ်ရာတွင် မြန်မာ့တပ်မတော်က အကြီးမားဆုံးသော အနှောင့်အယှက်အတား အဆီးတစ်ရပ်ဖြစ်သည်ဟု ဆိုသော်လည်း ယခင်သမ္မတ ဦးသိန်းစိန်အစိုးရ (၂၀၁၁ မှ ၂၀၁၆ ခုနှစ်)နှင့် လက်ရှိ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်ဒေါ်ဆောင်ဆန်းစုကြည်ဦးဆောင်သောအစိုးရ (၂၀၁၆ ခုနှစ်မှယခုလက်ရှိကာလ အထိ) တို့ကလည်း စစ်ဘေးဒဏ်ခံစားနေရသော ကချင်အရပ်သားပြည်သူတို့အား လူသားချင်းစာနာ ထောက် ထားမှုဆိုင်ရာအထောက်အပံ့များ လုံလုံလောက်လောက် ရရှိခံစားနိုင်ခြင်းမရှိစေမည့် သက်ဆိုင်ရာမူဝါဒများကို ဆက်လက်စွဲကိုင်ကျင့်သုံးနေခဲ့ကြောင်း တွေ့မြင်ရပေသည်။

ကချင်ပြည်နယ်တွင်းရှိ ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များ (IDPs)သည် လက်ရှိတွင် ရွှေ့ပြောင်းဒုက္ခသည် စခန်း (၁၄၀)ခုတွင် နေထိုင်လျက်ရှိရာ ခန့်မှန်းခြေဒုက္ခသည် ၄၀% ခန့်မှာ ကချင်ပြည်နယ်လွတ်မြောက်ရေး အစည်းအရုံး(KIO) (KIAနှင့်ဆက်စပ်နေသော နိုင်ငံရေးအဖွဲ့ အစည်းဖြစ်၏)၏ အုပ်ချုပ်မှုအောက်တွင် တည်ရှိပြီး မြန်မာအစိုးရ၏ထိန်းချုပ်မှုအောက်မှ ကင်းလွတ်နေသည့် နယ်မြေများတွင် နေထိုင်လျက်ရှိပေသည်။

မြန်မာအစိုးရ (အထူးသဖြင့် မြန်မာတပ်မတော်)သည် ကချင်ပြည်နယ်တွင်းမှ ရွှေ့ပြောင်း ဒုက္ခသည်များအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ကူညီမှုများ လက်လှမ်းမီရရှိခံစားနိုင်ခွင့်ကို ပြင်းပြင်းထန်ထန်နှင့် စနစ်တကျကန့်သတ် ပိတ်ပင်ထားခဲ့သည်။ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့ အစည်းများအပေါ် ခက်ခဲရှုပ်ထွေးပြီး မလိုအပ်သော ခရီးသွားလာခွင့်ကန့်သတ်တားမြစ်ချက်များ ချမှတ်ကျင့် သုံးခြင်းနှင့် ထိုအဖွဲ့အစည်းများအား လိုအပ်သော အခွင့်အာဏာများပေးအပ်ရန် ပျက်ကွက်ခြင်း တို့ဖြင့် စနစ်တကျ ပိတ်ပင်လုပ်ဆောင်ခဲ့ခြင်းဖြစ်၏။ ထိုလုပ်ဆောင်ချက် နည်းလမ်းများက | ရှောင်လွှဲ၍ရနိုင်သည့် အထောက်အပံ့ကင်းမဲ့မှုများကို မောင်းနှင်နေခဲ့ပြီး ထောင်သောင်းချီသော ရွှေ့ပြောင်းဒုက္ခသည်များအဖို့ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အထောက်အပံ့များ လုံလုံလောက်လောက်ရရှိခံစားနိုင်ခွင့်ကို ဆုံးရှုံးစေခဲ့လေသည်။

လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး အဖွဲ့အစည်းများအတွက် အစိုးရကချမှတ် ကျင့်သုံး သော ခရီးသွားလာခွင့် ပေးအပ်ခြင်းလုပ်ငန်းစဉ်မှာ အလွန်ပင် ရှုပ်ထွေးပြီး၊ အချိန်ယူလွန်းသည့်အပြင် အပြောင်း အလဲများပြားသောလုပ်ငန်းစဉ်ဖြစ်သည်။ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ရည်မှန်းချက်များ အတွက်တောင်းခံသော ခရီးသွားလာခွင့်များအနက် အနည်းငယ်မျှကိုသာ ခြွင်းချက်မရှိ ခွင့်ပြုပေးအပ်ခဲ့ သည်ဖြစ်ရာ နိုင်ငံ တကာလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့အစည်းအချို့က ခွင့်ပြုချက်တောင်းခံ ခြင်းလုပ်ငန်းစဉ်၏ အချည်းနှီးဖြစ်ရမှုကို သိမြင်နေခဲ့ခြင်းကြောင့် |ကချင်ပြည်နယ် ဒေသများသို့ ခရီးသွားလာခွင့် တောင်းခံမှုများအား ရပ်တန့်ပစ်ခဲ့ကြသည်။ ၂၀၁၇ ခုနှစ်ဇွန်လမှ ၂၀၁၈ ခုနှစ်ဇွန်လအထိကာလအတွင်း အစိုးရ ထိန်းချုပ် နယ်မြေများ



ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ နယ်အတွင်းရှိ ဂျောမစက် (Jaw Masat) စခန်းတွင် ယာယီတဲတစ်ခုအတွင်း ကျပ်သိပ် နေထိုင်နေရသည့် အတင်းအဓမ္မရွှေ့ပြောင်း ခံခဲ့ရသောကချင်လူမျိုးများ။ မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေး တပ်မတော်တို့ကြားမှ တိုက်ပွဲကြောင့် သူတို့၏ နေအိမ်များမှ ထိုနေရာသို့ အတင်းအကျပ်ရွှေ့ ပြောင်း နေရာချထားခံခဲ့ရသည့် အရပ်သားပြည်သူများ ဖြစ်သည်။ ၂၀၁၈ ခုနှစ် ဧပြီလနှင့် မေလ အတွင်း၌ မြန်မာ့တပ်မတော်သည် အထောက်အပံ့ပေးရေး အုပ်စုများကို ထိုသူတို့ထံသွားရောက်နိုင်ခွင့် မပြုပဲ ငြင်းဆန်ပယ်ချခဲ့ သည်။ @Hkun Lat (၂၀၁၈ ခုနှစ်၊ မေလ)

အတွင်းသို့ ခရီးသွားလာခွင့်ရရှိရန်အတွက် နိုင်ငံတကာလူသားချင်း စာနာထောက်ထားမှုဆိုင်ရာအေဂျင်စီများ၏လျှောက်ထားမှုပေါင်း ၅၆၂ ခု ရှိသည့်အနက် ၅% ခန့်ကိုသာ မြန်မာအစိုးရက ခြွင်းချက် မရှိခွင့်ပြုပေးခဲ့ကြောင်း ဤအစီရင်ခံစာက လေ့လာတင်ပြထားသည်။

ခွင့်ပြုချက်ပေးအပ်ခဲ့သည့်အခါများမှာပင် အစိုးရသည် အခက်အခဲကြီးကြီးမားမား ဖြစ်ပေါ်စေမည့် ခွင့်ပြုချက်စည်းမျဉ်းစည်းကမ်းများကို ချမှတ်လိုက်နာစေခဲ့သည်။ ခရီးသွားလာရေးလမ်းကြောင်းများ၊ အထောက်အပံ့ပေးအပ်ရန် နယ်မြေဒေသများနှင့် ကူညီထောက်ပံ့မှုအမျိုးအစားများတို့အတွက်ကန့်သတ်တားမြစ်ချက်များပါဝင်သည်။ အဆိုပါကန့်သတ်ချက်များက အကူအညီလိုအပ်နေသော အများပြည်သူထံသို့ အထောက်အပံ့များ ထိရောက် အောင်မြင်စွာပေးအပ်နိုင်ခြင်း မရှိအောင် ဟန့်တားနှောင့်ယှက်နေခဲ့သည်။

"တစ်ခါတစ်လေ ကျွန်တော်တို့ ခရီးသွားလာခွင့်ရတယ်။ ဒါပေမယ့် မြစ်ကြီးနားမြို့အတွက်ပဲတဲ့။ တစ်ခါတစ်လေ ဝိုင်းမော်တို့ မန်စီတို့ကို သွားခွင့်ပေးတယ်။ ဒါပေမယ့် ကားလမ်းနဲ့ သွားခွင့်မပြုဘူးတဲ့"ဟု ကချင်ပြည်နယ်တွင်းမှ နိုင်ငံတကာလူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာအကူအညီပေးရေး အဖွဲ့အစည်းတစ်ခု၏ကိုယ်စားလှယ် တစ်ဦးကပြောကြားခဲ့၏။ "သူတို့က တကယ်တမ်းမှာ သွားလို့မဖြစ်နိုင်လောက်အောင် ကန့်သတ်ထားတဲ့ အဲ့ဒီလို စိတ်ဝင်စားစရာကောင်းတဲ့အချက်တွေကိုထည့်သွင်းထားတာဗျ။ ဒါဟာ အမှန်တကယ်သွားလာနိုင်ခွင့်မျိုး မဟုတ်ပါဘူးဗျာ"ဟူ၏။



“နယ်စပ်ကလူတွေအတွက် အစားအစာမရှိဘူးဗျာ”ဟု KIA နယ်မြေအတွင်း၌နေထိုင်သူ အသက်ခြောက်ဆယ် အရွယ် ကချင်အမျိုးသားကြီး “ဇောင်ရော် (Zau Raw)” ကပြောကြားခဲ့၏။ သူသည် KIA နယ်မြေအတွင်းသို့ ဝင်ရောက်ရန်ကြိုးပမ်း အားထုတ်နေခဲ့သော ကူညီထောက်ပံ့ရေး ကုန်တင်ယာဉ်တစ်စင်းထံမှ ငွေကြေးများအား မြန်မာစစ်သားများက လုယက်ခိုးယူခဲ့ကြသည်ကို မျက်မြင်ကြုံတွေ့ခဲ့ရသူတစ်ဦးဖြစ်သည်။ “သူတို့က အရာရာတိုင်းကို ပိတ်ထားတာ။ KIA ထိန်းချုပ်နယ်မြေတွေထဲကို ဖြတ်သန်းဝင်ရောက်ဖို့ကြိုးစားနေတဲ့ ကုန်တင်ယာဉ် အားလုံးကို ပိတ်ပင်တားဆီးထားတာပေါ့”ဟူ၏။

မကြာသေးမီကပင် မြန်မာအာဏာပိုင်တို့သည် ဥပဒေနှင့်မညီသောလုပ်ဆောင်ချက်များဖြင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးအစုအဖွဲ့များကို တရားမဝင် အသင်းအဖွဲ့များအဖြစ်သတ်မှတ်ကျင့်ကြံ လာခဲ့သည်။ ၂၀၁၈ ခုနှစ် မေလ ၂၁ ရက်နေ့တွင် ကချင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ကချင်နှစ်ချင်းခရစ်ယာန်အသင်းတော် (the Kachin Bapitist Convention) ထံသို့ စာတစ်စောင်ပေးပို့ခဲ့သည်။ တရားမဝင်အသင်းအဖွဲ့အက်ဥပဒေ ပုဒ်မ ၁၇ (၁) အရ KIA ထိန်းချုပ်နယ်မြေအတွင်း အထောက်အပံ့များပေး အပ်ခြင်းက ထောင်ဒဏ်သုံးနှစ် နှင့်/သို့မဟုတ် ဒဏ်ကြေးငွေ ချမှတ်နိုင်သောပြစ်မှုမြောက်ကြောင်း ခြိမ်းခြောက် ခဲ့ခြင်းဖြစ်သည်။

ကချင်လူမျိုးများဦးဆောင်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများမှာ ကူညီထောက်ပံ့မှုများအပေါ် အစိုးရ၏ကန့်သတ်ပိတ်ပင်မှုများကြောင့် ပေါ်ထွက်လာခဲ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင် ရာအထောက်အပံ့ပေးရေး လစ်ဟာမှုကွက်လပ်များကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် အထူးအရေးပါနေခဲ့၏။ ကချင်လူမျိုးများဦးဆောင်သော အရပ်ဘက်လူမှုအဖွဲ့အစည်းအစုအဖွဲ့ များစွာအနက် အမျိုးသမီးများဦးဆောင် သောအဖွဲ့အစည်းများဖြစ်သည့် ဝန်ဖောင်နင်ထွယ်(WPN)၊ ကျေးလက်ဖွံ့ ဖြိုးရေးနှင့် သာမန်အရပ်သားပြည်သူများကိုစွမ်းအားမြှင့်တင်ရေးတို့ကြား တံတားထိုး ပေါင်းစည်းရေးအဖွဲ့ (BRIDGE) နှင့် ကချင်အမျိုးသမီးအစည်းအရုံး (KWAT)တို့မှာ ကချင်ပြည်နယ်တွင်း စစ်ဘေးဒဏ်သင့်ဒေသများမှ လူမှုအသိုက် အဝန်းများကို (ဘေးအန္တရာယ်များနှင့် ကန့်သတ်တားမြစ်ချက်များကြားမှပင်) ပိုမိုသန်မာအားကောင်းလာ အောင်နှင့် ဆက်လက်တည်တံ့နိုင်အောင် ကာလတာရှည်ကြိုးပမ်း လုပ်ဆောင်လာခဲ့ကြပေသည်။

ဤအစီရင်ခံစာကို ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း Fortify Rights က ရွှေ့ပြောင်း ဒုက္ခသည်အရပ်သားပြည်သူများ၊ ပြည်တွင်းနှင့်နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာအထောက်အပံ့ပေးရေး လုပ်သားများ၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်၏အရာရှိများ၊ KIO ကိုယ်စားလှယ်များနှင့် KIA စစ်သားများတို့နှင့် ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းမှုပေါင်း (၁၉၅) ခုကို အဓိကအခြေခံထားသည်။ ၂၀၁၆ ခုနှစ် မတ်လမှ ၂၀၁၈ ခုနှစ်မတ်လ အတွင်းက တွေ့ဆုံမေးမြန်းမှုပေါင်း (၁၁၇)ခု နှင့် ၂၀၁၃ ခုနှစ် စက်တင်ဘာလမှ ၂၀၁၄ ခုနှစ် ဧပြီလအတွင်းက တွေ့ဆုံမေးမြန်းမှုပေါင်း (၇၈) ခု တို့ပါဝင်ပေသည်။ ထိုကာလအတွင်း Fortify Rights သည် အစိုးရထိန်းချုပ် နယ်မြေနှင့် KIA ထိန်းချုပ်နယ်မြေများအတွင်းမှ ရွှေ့ပြောင်း ဒုက္ခသည်စခန်းပေါင်း (၂၀) ကျော်နှင့် အခြားနေရာ ဒေသများစွာကိုသွားရောက်လေ့လာခဲ့သည်။

ရှောင်လွှဲနိုင်သည့် ကူညီထောက်ပံ့မှုကင်းမဲ့ခြင်းကြောင့် ကချင်ပြည်နယ်တွင်းမှရွှေ့ပြောင်း ဒုက္ခသည်ပြည်သူများ အပေါ်ဖြစ်တည်လာသော ချက်ချင်းလက်ငင်းနှင့် ရေရှည်အကျိုး သက်ရောက်မှုများကို ဤအစီရင်ခံစာပါသက် သေအထောက်အထားများက အထင်အရှား ပြသနေပေသည်။ ရွှေ့ပြောင်းဒုက္ခသည်အရပ်သားပြည်သူတို့က အစားအစာမလုံလောက်မှုများ၊ အစားအစာအထောက်အပံ့များကို အစဉ်မပြတ် လက်လှမ်းမီ ခံစားနိုင်မှု ကင်းမဲ့ ခြင်းနှင့် မတူကွဲပြားသောစားသောက်ကုန်အမျိုးမျိုး (ဥပမာ အသားများ၊ ဥများနှင့် ဟင်းသီးဟင်းရွက်များ) ရရှိစားသုံးနိုင်မှုလျော့နည်းလာခြင်းအကြောင်းများကို Fortify Rights အားပြောကြားခဲ့သည်။

ရွှေ့ပြောင်းဒုက္ခသည်အရပ်သားများစွာတို့က သင့်တော်ကောင်းမွန်သော ကျန်းမာရေးစောင့် ရှောက်မှုဌာနများနှင့် ဆေးဝါးကုသမှုများကို လက်လှမ်းမီခံစားနိုင်မှုမရှိကြောင်း ပြောဆိုတင်ပြ ခဲ့ကြသည်။ ကချင်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်း ကျေးလက်တောပိုင်းမှရွှေ့ပြောင်းဒုက္ခသည်များ မှာ ကျန်းမာရေးဆေးပေးခန်းများ (သို့) ဆေးရုံများအား လက်လှမ်းမမီပါချေ။ ဆေးခန်းရှိသည့် စခန်းများတွင် ဆေးဝါးများ၊ အထောက်အပံ့များနှင့် ကျန်းမာရေး ဝန်ထမ်းများမလုံလောက် မှုကြောင့် ပြည့်စုံလုံလောက်သော (သို့) ထိရောက်ကောင်းမွန်သော ရောဂါကုသမှုများ ပေးစွမ်း နိုင်ခြင်းမရှိပေ။ စိတ္တလူမှုရေးဆိုင်ရာ အားပေးကူညီထောက်ပံ့မှုများလည်း မရှိသလောက်ဖြစ်၍ (သို့) လုံးဝမရှိပါချေ။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့ပေးရေးအဖွဲ့အစည်းများ၏ အိမ်ရာ ဆိုင်ရာ ပစ္စည်းပစ္စယများ ထောက်ပံ့ပေးအပ်မှုအပေါ် ကန့်သတ်တားမြစ်မှုများကြောင့် ရွှေပြောင်းဒုက္ခသည်များမှာ ပြင်ဆင်ရန် (သို့) ပြန်လည်မွမ်းမံရန်လိုအပ်သောနေအိမ်များ (သို့မဟုတ်) နေထိုင်ရန်မဆံ့အောင်ကျဉ်းကျပ်လွန်းသောနေအိမ် များတွင်နေထိုင်နေခဲ့ကြရသည်။ အထောက်အပံ့များ မလုံလောက်မှုကြောင့် ရွှေ့ပြောင်းနေရာ ချထားခြင်း ခံခဲ့ရသူအရပ်သား ပြည်သူတို့မှာ သင့်တော်သောအိပ်ယာများ၊ စောင်များနှင့် အခြား မရှိမဖြစ်လိုအပ်သောအသုံး အဆောင်ပစ္စည်းများ မရှိပဲမပါပဲလျက် နင်းများဖုံးလွှမ်းနေသည့် ကြမ်းတမ်းအေးစက်သော ဆောင်းရာသီများကို ရင်ဆိုင်ဖြတ်သန်းနေခဲ့ရသည်။ အခြေခံအဆောက်အအုံများကင်းမဲ့ခြင်း (သို့) ယိုယွင်းနေသော အခြေခံအဆောက်အအုံများကို ပြန်လည်ပြင်ဆင်ရန် ပစ္စည်းကိရိယာများ ကင်းမဲ့ခြင်းတို့ကြောင့် သောက်သုံးရန်၊ ရေမိုးချိုးရန်နှင့် အိမ်သာကိစ္စအသုံးပြုရန်အတွက် လိုအပ်သောရေကိုပင် အစဉ်မပြတ် တစ်သတ်မှတ်တည်းရရှိ အသုံးပြု နိုင်ခွင့် ကင်းမဲ့နေပေသည်။



ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့ နယ်၊ လန်းဗျန်(Lungbyang) ကျေးရွာအနီးရှိ ယာယီတဲ တစ်ခုအတွင်း သူမ၏ တစ်ပတ်သား ကလေးငယ်လေးနှင့်အတူ အနားယူနေ သော ကချင်ရွှေ့ပြောင်းဒုက္ခသည် အမျိုးသမီးတစ်ဦး။ မြန်မာ့တပ်မတော်က ဇိုင်းအောင် (Zai Aung) ယာယီ စခန်းအနီးသို့ အမြောက်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ထိုစခန်းမှ ထွက်ပြေးတိမ်းရှောင်လာခဲ့သည့်လမ်းပေါ်တွင် ထိုကလေးငယ်အား ဖွားမြင်ခဲ့ခြင်းဖြစ်သည်။ အစိုးရက ချမှတ် ကျင့်ကြံနေသည့် အထောက်အပံ့နှင့် ကျန်းမာရေး စောင့်ရှောက်မှုများ ကင်းမဲ့စေရေးလုပ်ဆောင်ချက် များက ရွှေ့ပြောင်းဒုက္ခသည် မိခင်နှင့်ကလေးငယ်များအတွက် မျှတမှုမရှိအောင်ကြီးမား ပြင်းထန်လွန်းနေသည်။
@ Khun Lat (၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ)





ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့ နယ်၊ လန်းဗျန်(Lungbyang)
ကျေးရွာအနီးရှိ သူတို့၏ယာယီတဲများရှေ့ တွင် နံနက်ခင်း
နေရောင်ဖြင့် အနွေးဓာတ်ရအောင် ကြံဆောင်နေသော
ကချင်ရွှေ့ ပြောင်း ဒုက္ခသည်များ။ လူသားချင်းစာနာ
ထောက်ထားမှုဆိုင်ရာ အထောက်အပံ့များ ပေးအပ်မှု
အပေါ် မြန်မာ့တပ်မတော်၏ ကန့်သတ် ပိတ်ပင်မှုများ
ကြောင့် ကချင်ပြည်နယ်တွင်းရှိ ရွှေ့ ပြောင်းဒုက္ခသည်များ
အတွက်ခိုလှုံစရာနေအိမ်များမှာ လုံလောက်မှုမရှိ သည့်
အပြင် ဆိုးရွားညံ့ဖျင်းလှသည်။
@ Khun Lat (၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ)



ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ လန်းဗျန်(Lungbyang)
ကျေးရွာအနီးရှိသူတို့၏ယာယီတဲများရှေ့တွင်အနွေးဓာတ်
ရအောင် မီးလှုံနေသော ကချင်ရွှေ့ပြောင်း ဒုက္ခသည်
မိသားစုတစ်စု။ ဆောင်းဥတုကပြင်းထန်ကြမ်းတမ်းလွန်း
နိုင်သည့် ကချင်ပြည်နယ်အတွင်းရှိ ရွှေ့ပြောင်းနေရာချ
ထားရေးစခန်းများတွင် ထင်းကဲ့သို့သော မရှိမဖြစ်လို
အပ်သည့် စားနပ်ရိက္ခာမဟုတ်သော အသုံးအဆောင်
ပစ္စည်းများကို ရရှိနိုင်ရန်ခက်ခဲနေခဲ့သည်။
@ Khun Lat (၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ)

ယာယီစခန်းများတွင် လိုအပ်သောအထောက်အပံ့များနှင့် အကူအညီများ ကင်းမဲ့နေခဲ့သည်ဖြစ်ရာ ရွှေ့ပြောင်း နေရာချထားခြင်း ခံနေခဲ့ရသည့် အရပ်သားပြည်သူတို့မှာ အစားအစာ၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများနှင့် မရှိမဖြစ်လိုအပ်သော အရာများကိုရယူနိုင်ရန်အတွက် အန္တရာယ်ပြွမ်းသောခရီးလမ်းကို မဖြစ်မနေလျှောက်လှမ်းခဲ့ရသည်။ လက်နက်ကိုင်ပဋိပက္ခများ အရှိန်အဟုန်မြင့်တက်နေဆဲ နယ်မြေများကိုဖြတ်သန်းကာ နယ်စပ်ဖြတ် ကျော်ပြီး တရုတ်နိုင်ငံသို့ တိမ်းရှောင်ထွက်ခွာခြင်းလည်းပါဝင်လေသည်။ မြန်မာ့တပ်မတော်တည်ရှိနေခြင်းနှင့် မြန်မာ့တပ်မတော်နှင့် KIA တို့က မြေမြှုပ်မိုင်းများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေခဲ့ခြင်း တို့ကြောင့် ရွှေ့ပြောင်းဒုက္ခသည်များအဖို့ ယာယီစခန်းအပြင်ဘက်သို့ သွားလာရန် အတွက်ပင် ဘေးအန္တရာယ်များတစ်နေ့တစ်ခြားပိုမိုကြီးမားနေခဲ့သောအခြေအနေဖြစ်၏။ အထောက်အပံ့များကင်းမဲ့ခြင်းကြောင့် ရွှေ့ပြောင်းနေရာချထားခြင်း ခံခဲ့ရသူအရပ်သားပြည်သူများက တရုတ်နိုင်ငံသို့ |မဖြစ်မနေ ထွက်ခွာခဲ့ရသည့် အချိုသောကိစ္စရပ်များတွင် ကချင်နှင့်ရှမ်းဒုက္ခသည်များမှာ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ထပ်တိုးရင်ဆိုင် ခံစားနေခဲ့ရသည်။ အတင်းအဓမ္မလုပ်အားပေးစေခိုင်းခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှုရှိမရှိ လမ်းဘေးမှာတင် နိုင်ထက်စီးနင်း စမ်းသပ်စစ်ဆေး ခြင်း၊ အကြောင်းမရှိဖမ်းဆီးထိန်းသိမ်းခြင်းနှင့် လုပ်အားခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းတို့ပါဝင်လေသည်။

ကချင်ပြည်နယ်တွင်းမှရွှေ့ပြောင်းဒုက္ခသည်များအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များကင်းမဲ့စေရန်ဟူသော မြန်မာအစိုးရ၏ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ချက်က ပြည်တွင်းနှင့်နိုင်ငံတကာ ဥပဒေများကိုချိုးဖောက်ခြင်းပင်ဖြစ်၏။ စစ်ပွဲဥပဒေများဟုခေါ်တွင်သော နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် နိုင်ငံတကာလူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ဥပဒေတို့ပါဝင်လေသည်။ နိုင်ငံတကာလူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာဥပဒေအရ လက်နက်ကိုင်ပဋိပက္ခတွင်ပါဝင်သော အစုအဖွဲ့များအားလုံးသည် "လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအထောက်အပံ့များ လွတ်လပ်စွာဖြတ်သန်းစီးဆင်း မှုကိုပံ့ပိုးကူညီဆောင်ရွက်ရန်" နှင့် ကူညီထောက်ပံ့ရေးလုပ်သားများအား "ပြည်တွင်းရွှေ့ပြောင်း ဒုက္ခသည် များထံသို့ လျင်လျင်မြန်မြန်နှင့် အဟန့်အတားမရှိ ရောက်ရှိနိုင်အောင်ဆောင်ရွက်ပေးရန်" တာဝန်ရှိသည်။ "ကူညီကယ်ဆယ်ရေး အထောက်အပံ့များကို ရည်ရွယ်ချက်ရှိရှိ နှောင့်နှေးကြန့်ကြာစေခြင်း"က နိုင်ငံတကာလူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာဥပဒေကို အကြီးအကျယ်ချိုးဖောက်မှုတစ်ရပ်ဖြစ်ပြီး၊ စစ်ရာဇဝတ်မှု တစ်ခုဖြစ်နိုင်ကောင်း၏။ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းမှ စစ်ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန်နှင့် အရေးယူအပြစ်ပေးနိုင်ရန်အတွက် မြန်မာနိုင်ငံကို နိုင်ငံတကာရာဇဝတ်ခုံရုံးသို့ အရေးတကြီးလွှဲပြောင်းသင့်လေသည်။

မြန်မာအစိုးရသည် နိုင်ငံတကာလူသားချင်း စာနာထောက်ထားမှုဆိုင်ရာဥပဒေနှင့် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေတို့က အာမခံအပ်နှင်းအပ်ထားသည့် အခွင့်အရေးများနှင့်အကာအကွယ်ပေးမှုများတို့ကို ရွှေ့ပြောင်း နေရာချထားခြင်းခံနေခဲ့ရသည့်အများပြည်သူအားလုံး လက်လှမ်းမီရရှိခံစားနိုင်အောင် လုပ်ဆောင်ပေးရန် အလွန်အရေးကြီးသည်။ အစားအစာ၊ ကျန်းမာရေး၊ နေအိမ်၊ ရေနှင့်ကျန်းမာသန့်ရှင်းရေးတို့ကိုရရှိ ခံစားပိုင်ခွင့်များပါဝင် ပေသည်။ အရေးအကြီးဆုံးအနေနှင့် မြန်မာအစိုးရနှင့် ကချင်ပြည်နယ်လက်နက်ကိုင် ပဋိပက္ခတွင်ပါဝင်သော အစုအဖွဲ့များအားလုံးသည် အရပ်သားပြည်သူတို့၏ မူလနေရပ်ပြန်နိုင်ခွင့်ကို အမှန်တကယ်ရရှိ ခံစားနိုင်အောင် ဖော်ဆောင်ပေးရမည်ဖြစ်သည်။ ထိုသို့မပြန်နိုင်ခင် ကြားကာလတွင် အစိုးရသည် ကမ္ဘာ့ကုလသမဂ္ဂ၊ နိုင်ငံတွင်းနှင့် နိုင်ငံတကာလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့အစည်းများနှင့် လူ့အခွင့်အရေး စောင့်ကြည့်လေ့လာသူများအား ပြည်တွင်း ရွှေ့ပြောင်း ဒုက္ခသည် ပြည်သူများအားလုံးထံသို့ ဘေးကင်းလုံခြုံစွာ ဖြင့် အကန့်အသတ် မရှိ အစဉ်မပြတ် သွားရောက်နိုင်အောင် ချက်ချင်းခွင့်ပြုပေးသင့်သည်။

၂၀၁၁ ခုနှစ်အတွင်း မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်၌ စစ်ပွဲများတကျော့ပြန် ဖြစ်ပွားလာခဲ့ချိန်ကတည်းကပင် ကချင် ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများတွင် ရွှေ့ပြောင်း ဒုက္ခသည်အရပ်သားပြည်သူပေါင်း တစ်သိန်း ကျော်သည် အသက်ကယ်ဆယ်ရေး အကူအညီအထောက်အပံ့များ လုံလောက်စွာရရှိ ခံစားနိုင်ခြင်းမရှိပဲ အသက်ရှင် ရပ်တည်နိုင်ရေးအတွက် ခက်ခက်ခဲခဲ ရုန်းကန်နေခဲ့ရသည်။ ကချင်ပြည်နယ်တွင်းမှ ရွှေ့ပြောင်းနေ ရာချထားခြင်းခံနေရသည့် အများပြည်သူတို့က အထောက်အပံ့များ လုံလုံလောက်လောက်ရရှိ ခံစားနိုင်မှု ကင်းမဲ့နေခဲ့သည်ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိကြသော်လည်း ကူညီထောက်ပံ့မှုများက လိုအပ်နေသူတို့ထံ အဘယ့်ကြောင့်နှင့် မည်သို့မည်ပုံမရောက်ရှိနိုင်ရသည့်အကြောင်းကိုမူ နားလည်သိမြင်မှုများ နည်းပါးနေပေသည်။

**ဤအစီရင်ခံစာသည် မြန်မာအာဏာပိုင်များက ကချင်ပြည်နယ်အတွင်း လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အထောက်အပံ့ ကင်းမဲ့မှုအား လက်နက်အဖြစ်အသုံးချနေခဲ့သည့်အကြောင်းကို မှတ်တမ်းတင် ဖော်ပြထားသည်။**

၂၀၁၃ ခုနှစ်ကတည်းက စတင်ပြုလုပ်ခဲ့သည့် ထဲထဲဝင်ဝင်တွေ့ ဆုံမေးမြန်းမှုပေါင်း ၂၀၀ ကျော်ကိုအခြေခံထားသည့် "အရာရာတိုင်းကို သူတို့ပိတ်ထားတယ် - ရှောင်လွှဲ၍ရနိုင်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့ကင်းမဲ့မှုများ" အစီရင်ခံစာတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများအား ကူညီထောက်ပံ့မှုများပေးအပ်နိုင်ခြင်းမရှိအောင် မည်သို့ မည်ပုံပိတ်ဆို့ ကာဆီးထားခဲ့သည့်အကြောင်းနှင့် အစိုးရကချမှတ် ကျင့်ကြံသောကန့် သတ်ပိတ်ပင်မှုများကြောင့် ပဋိပက္ခဒဏ်ခံနေရသော လူမှုအသိုက်အဝန်းများမှာ အစားအစာ၊ ကျန်းမာရေး စောင့်ရှောက်မှု၊ ခိုလှုံရာနေအိမ်နှင့် အခြားအကူအညီအထောက်အပံ့များတို့ကို လက်လှမ်းမီ ရရှိခံစားနိုင်ခြင်းမရှိပဲ ခက်ခဲကြမ်းတမ်းစွာရှင်သန်ရပ်တည်နေခဲ့ရသည့် အကြောင်းကို ဖော်ထုတ် တင်ပြထားသည်။ မြန်မာအစိုးရအနေနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများအပေါ် ၎င်း၏ အကြောင်းမဲ့ ကန့်သတ် ပိတ်ပင်မှုများကို အဆုံးသတ်ရန်နှင့် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေနှင့် လူ့အခွင့်အရေးဥပဒေတို့က အာမခံနှင်းအပ်ထားသည့် အခွင့်အရေးများနှင့် အကာအကွယ်ပေးမှုများကို ရွှေ့ပြောင်းဒုက္ခသည် အများပြည်သူအားလုံး အမှန်တကယ် ရရှိခံစားနိုင်အောင် လုပ်ဆောင်ပေးရန် အတွက် Fortify Rights က တွန်းအားပေး လုပ်ကိုင်ဆောင်ရွက်လျက်ရှိပေသည်။

FORTIFY RIGHTS